# မြန်မာနိုင်ငံ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် များ အသင်း

# အသက်မွေးဝမ်းကျောင်းပြုသူများ လိုက်နာရန် ကျင့်ထုံး။

ဤ အသက်မွေးဝမ်းကျောင်းပြုသူများ လိုက်နာရန် ကျင့်ဝတ်သည် မြန်မာနိုင်ငံ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် များ အသင်း အဖွဲ့ဝင်များ အတွက် ဖြစ်ပြီး ဤ ကျင့်ထုံး များသည် မြန်မာနိုင်ငံ လူမွဲခံခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈)၏ အပိုင်း(၃) အရ လူမွဲခံခြင်းဆိုင်ရာကျွမ်းကျင်ပညာရှင် တွင် ရှိသော ဥပဒေအရ သတ်မှတ်ထားသော တာဝန်များနှင့် ဝတ္တရား တို့ နှင့် လိုက်လျောညီထွေပါသည်။

ဤ ကျင့်ထုံးတွင် အသုံးပြုသော စကားရပ် သို့မဟုတ် ဝါကျများသည် လူမွဲခံခြင်းဆိုင်ရာ ဥပဒေ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းရှိပါက ထို စကားရပ် သို့မဟုတ် ဝါကျသည် ဥပဒေထဲတွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည်နှင့်အညီ ဖြစ်ပါမည်။

**ရိုးသားဖြောင့်မတ်မှု**

၁။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် ယင်း၏ အသက်မွေးဝမ်းကျောင်းမှုကိစ္စရပ်မှန်သမျှနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ဆက်ဆံမှု များ အားလုံး တွင် ရိုးသားဖြောင့် မတ်ရန် လိုပါသည်။

၂။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် ယင်း သိရှိထားသော အချက်များကို အလွဲတင်ပြခြင်း သို့တည်းမဟုတ် ထိုလွဲမှားသော အချက်များအပေါ် မူတည်ပြီး ယင်း၏ ထင်မြင်ယူဆချက် ကို တည်ဆောက်ခြင်းမရှိစေရ။

၃။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် သက်ဆိုင်သော ဥပဒေ နှင့် စည်းမျဉ်းများကို လိုက်နာရန် လိုပြီး လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် အဖြစ် အသက်မွေးဝမ်းကျောင်းသူတို့၏ ဂုဏ်သရေနှင့် အမည်နာမ ကို ညှိုးနွမ်းစေမည့် လုပ်ဆောင်ချက် များကို ဆောင်ရွက်ခြင်းမှ ရှောင်ကျဉ် ရပါမည်။

၄။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် ၎င်းကိုယ်တိုင်အတွက် လည်းကောင်း၊ ၎င်းနှင့် ဆက်စပ်နေသူ များအတွက် လည်းကောင်း ရထိုက်ခြင်းမရှိသော သို့မဟုတ် ဥပဒေနှင့်အညီ မဟုတ်သော အကျိုးခံစားခွင့် များကို ရရှိစေရန် ဆောင်ရွက်ခြင်းမပြုရ၊ သို့မဟုတ် ဦးစားပေးမှု ကို ရထိုက်ခြင်းမရှိသူအား ဦးစားပေးခြင်း မပြုရပါ။

၅။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် လူမွဲခံခြင်း စီမံခန့်ခွဲမှု ကို ဆောင်ရွက်ရာတွင် ၎င်းနှင့် ထိတွေ့ဆက်ဆံသူများ အားလုံးကို ချေငံစွာ နှင့် ယင်းတို့အတွက် ထည့်သွင်းစဉ်းစားလျက် ဆောင်ရွက်ရန် လိုပါသည်။

၆။ ၎င်း၏ လုပ်ငန်းများကို ဆောင်ရွက် ရာတွင် လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် ယင်းနှင့် တွဲဖက် အလုပ်လုပ်ကိုင်သည့် ပူးတွဲ ပိုင်ရှင်များ၊ ပူးတွဲ ဒါရိုက်တာများ သို့မဟုတ် ကျွမ်းကျင် ဝန်ထမ်းများကိုလည်း ဤ ကျင့်ထုံးများ ကို သေချာစွာ လိုက်နာစေရန် စီစဉ်ဆောင်ရွက် ရမည်ဖြစ်ပြီး ထို သို့ စီစဉ်ဆောင်ရွက်ရာတွင် အောက်ပါ တို့ လည်း ပါဝင်နိုင်သည်-

(က) ယင်းတို့၏ လုပ်ငန်းခွင်တွင် လက်ခံနိုင်သော အမြဲတစေလုပ်ဆောင်ရွက်များနှင့် လုပ်ထုံး လုပ်နည်း များ ကို သတ်မှတ် ထုတ်ပြန်ထားရန်၊

(ခ) ကျင့်ထုံးကိုလိုက်နာခြင်း ရှိမရှိ မပြတ် စောင့်ကြည့် အကဲခတ်နေရန်၊

(ဂ) မြန်မာနိုင်ငံ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် များ အသင်း မှပြုလုပ်သော ပညာရေး ပိုင်းနှင့် သင်တန်း ပို့ ချမှု အစီအစဉ် များတွင် မဖြစ်မနေ တက်ရောက်စေခြင်း၊

(ဃ) ကျင့်ထုံးပါ သတ်မှတ်ချက်များ နှင့် လူမွဲခံခြင်ဆိုင်ရာ လုပ်ငန်း၏ ယေဘူယျ သဘောတရားတို့ ကို သိရှိနေစေရန် ဆွေးနွေးပွဲ များ သို့မဟုတ် သတင်းပေးခြင်း အစီအစဉ်များကို ပုံမှန် ကျင်းပရန်၊

**အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကျွမ်းကျင်မှု**

၇။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် အရည်အသွေး ပြည့်ဝသော ကျွမ်းကျင်မှု ပိုင်း ဆိုင်ရာ ဝန်ဆောင်မှု ကို ပေးနိုင်ရန် အတွက် ၎င်း၏ အသက်မွေးဝမ်းကျောင်းမှု ဆိုင်ရာ ကျွမ်းကျင်မှု အရည်အသွေး ကို မပြတ် ထိန်းသိမ်း နေရန် လိုပါသည်။

၈။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် လူမွဲခံခြင်းဆိုင်ရာ ဥပဒေ အရ ၎င်းထံ အပ်နှံ လိုသော လုပ်ငန်းတစ်ခု၏ လူမွဲခံခြင်းဆိုင်ရာ စီမခံခန့်ခွဲမှု တစ်ခုကို ကိုင်တွယ် ဖြေရှင်းရန် လုံလောက်သော ကျွမ်းကျင်မှု နှင့် လုံလောက် သော အရင်းအမြစ် များ မရှိဘဲ ထို အမှု ကိစ္စ လို လက်ခံခြင်းမပြုရပါ။

၉။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် မြန်မာနိုင်ငံ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် များ အသင်း မှ ဖြစ်စေ မြန်မာနိုင်ငံ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် များ ကြီးကြပ်ရေး

ကောင်စီ(ကောင်စီ) မှ ဖြစ်စေ ထုတ်ပြန်သော လမ်းညွှန်ချက်များနှင့် သတ်မှတ်ထားသည့် နည်းပညာစံများ နှင့်အ သက်မွေး ဝမ်းကျောင်းမှုဆိုင်ရာ စံများ နှင့်အညီ ဖွဲ့လုံ့လရှိစွာဖြင့် ဆောင်ရွက်ရ မည်ဖြစ်ပါသည်။

၁၀။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် လူမွဲခံခြင်းဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းများ ပါ လုပ်ငန်းဆောင်တာများနှင့် တာဝန် များကို ဆောင်ရွက်ရာတွင် မရိုးမဖြောင့်သော သဘောဖြင့် ဆောင်ရွက်ခြင်းမရှိစေရ သို့မဟုတ် ပေါ့လျော့စွာ ဆောင်ရွက်ခြင်း မပြုရပါ။

**ယှဉ်ထာဘူတကျခြင်း**

၁၁။ လူမွဲခံခြင်းဆိုင်ရာ ဥပဒေ နှင့်အညီ ခန့်အပ်ထားခြင်း ဖြစ်လျှင် လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် တစ်ဦး၏ လုပ်ငန်းပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ကျွမ်းကျင်မှု ဆိုင်ရာ ဆုံးဖြတ်ချက် တို့သည် ထိုလူမွဲခံခြင်းဆိုင်ရာ အမှု နှင့် တိုက်ရိုက်သက်ဆိုင်မှု ရှိသည် ဖြစ်စေ၊ မရှိ သည်ဖြစ်စေ၊ ဘက်လိုက်မှု၊ အကျိုးစီးပွားပဋိပက္ခ ဖြစ်မှု ၊ အနိုင်အထက်ပြုမှု သို့မဟုတ် မည်သည့်ဘက်မှ မဆို မလိုအပ်သော လွှမ်းမိုးမှု များ ကင်းရှင်းရမည် ဖြစ်သည်။

**လွတ်လပ်မှုနှင့် ဘက်မလိုက်မှု**

၁၂။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် ၎င်း၏ အသက်မွေးဝမ်းကျောင်းမှု ဆိုင်ရာ ဆက်ဆံမှု များတွင် လုံးဝလွတ်လပ်ရမည့် အပြင် ထို သို့ လွတ်လပ်ကြောင်းကိုလည်း သိသာ ထင်ရှားစွာ တွေ့မြင် စေနိုင်ရမည်ဖြစ်ပြီး၊ လူမွဲခံခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မသင့်လျော်သော သို့မဟုတ် ထုတ်ဖော်ပြောဆိုခြင်း မရှိသော ပြင်ပ မှ လွှမ်းမိုးမှု တို့မှ ကင်းရှင်းလွတ်လပ်စွာ ဆောင်ရွက် ရမည့် အပြင် ထို သို့ ဆောင်ရွက် ကြောင်းလည်း သိသာထင်ရှားစွာ တွေ့မြင် စေနိုင်ရမည် ဖြစ်သည်။

၁၃။ လူမွဲခံသည့် အဖွဲ့အစည်း အတွက် ဖြစ်စေ သို့မဟုတ် လူမွဲခံသည့် တစ်သီးပုဂ္ဂလ အတွက် ဖြစ်စေ လူမွဲခံခြင်းဆိုင်ရာ ဥပဒေနှင့် အညီ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် အဖြစ် ခန့် အပ်ခြင်း ခံရသူ သည် ပိုင်ဆိုင်မှု များကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ ရယူခြင်း၊ သို့မဟုတ် ထို လူမွဲခံသူ ကျွမ်းကျင်ပညာရှင် နှင့် ဆက်စပ်မှုရှိ သော အခြားသူ တစ်ဦးတစ်ယောက် မှ ထို သို့ ရယူခြင်း ကို သိလျက်နှင့် ဖြစ်စေ ခွင့် ပြုခြင်းမရှိစေရ၊ သို့သော် ထို သို့ ပိုင်ဆိုင်မှု ကို ရယူခြင်း ဖြင့် လူမွဲခံခြင်း လုပ်ငန်းစဉ် ၏ ဓမ္မဓိဌာန် ကျမှုကို ဖြစ်စေ၊ လွတ်လပ်မှု ကို ဖြစ်စေ သို့မဟုတ် ဘက်မလိုက်မှု ကို ဖြစ်စေ ထိ ခိုက် စေလိမ့် မည် မဟုတ်ကြောင်း မြန်မာနိုင်ငံ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် များ အသင်း ဘုတ် အဖွဲ့ သို့ ကြိုတင် တင်ပြပါက ခွင့်ပြုနိုင်သည်။

၁၄။ လူမွဲခံသည့် အဖွဲ့အစည်း နှင့် ယင်းနှင့် ဆက်စပ် သူ တို့နှင့် လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဖြစ်စေ အောက်ဖော်ပြပါ ပုဂ္ဂိုလ် တို့ သည် ဖြစ်စေ အနှောင်အဖွဲ့ကင်းစွာ

လွတ်လပ်ခြင်းမရှိပါက ထို ခန့် အပ်မှု ကို လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် လက်ခံခြင်း မရှိစေရ-

(က) လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် ၏ ဆွေမျိုးများ၊

(ခ) လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်၏ တွဲဘက် ပိုင်ရှင်များနှင့် တွဲဘက် ဒါရိုက်တာများ၊

(ဂ) ထို လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် သည် ဝန်ထမ်း ဖြစ်ပါက ယင်း အလုပ်လုပ်ကိုင်ရာ ရုံးတွင် ဝန်ထမ်း၊ လုပ်ငန်းရှင်၊ ပိုင်ရှင် ပါတနာ သို့မဟုတ် ဒါရိုက်တာ ဖြစ်သူ။

အကျိုးစီးပွားများကို ထုတ်ဖော်ပြောခြင်း

၁၅။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် အောက်ပါ တို့ ကို ထုတ်ဖော်ပြောကြားရန် လိုပါသည်-

(က) အမှုကိစ္စ တစ်ခုတွင် လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် အဖြစ် ခန့်အပ်ခြင်းမပြုမီ ထို သို့ ခန့်အပ်ခြင်းမပြုမီ က သက်ဆိုင်ရာ ဝန်ထမ်း၊ ကုမ္ပဏီ၊ မိုက်ခရိုအသေးစားနှင့်အလတ်စားလုပ်ငန်း သို့မဟုတ် လူပုဂ္ဂိုလ် တို့ ကို ပေးခဲ့သည့် အကြံ ပြုချက် များ ၏ သဘောသဘာဝနှင့် အတိုင်းအတာ ၊

(ခ) ယင်းအား ခန့် အပ်မည့် ကုမ္ပဏီ၊ မိုက်ခရိုအသေးစားနှင့်အလတ်စားလုပ်ငန်း သို့မဟုတ် လူပုဂ္ဂိုလ် တို့ နှင့် ပတ်သက်၍ ငွေကြေးနှင့်ပတ်သက်သည့် ဆက်စပ်မှု သို့မဟုတ် ပုဂ္ဂိုလ်ရေး ပတ်သက်မှု တို့ ရှိကြောင်း တွေ့ ရှိပါက ထို သို့ သိရှိလျှင် သိရှိခြင်း

(ဂ) ယင်းအား ခန့် အပ်မည့် ကုမ္ပဏီ၊ မိုက်ခရိုအသေးစားနှင့်အလတ်စား၊လုပ်ငန်း သို့မဟုတ် လူပုဂ္ဂိုလ် တို့ ထံမှ ခွဲ ဝေပေးမည် တို့ ကို လက်ခံရရှိမည့် သူနှင့် လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် တို့ အကြား ငွေကြေးနှင့်ပတ်သက်သည့် ဆက်စပ်မှု သို့မဟုတ် ပုဂ္ဂိုလ်ရေး ပတ်သက်မှု တို့ ရှိလျှင်ဖြစ်စေ။

၁၆။ အောက်ဖော်ပြပါ ကိစ္စရပ် တို့ နှင့် ပတ်သက်၍ ထုတ်ဖော်ပြောကြားခြင်း ပြုရာတွင်-

(က) စာဖြင့်ရေးသားဖော်ပြရန် ဖြစ်ပြီး ယင်း ဖော်ပြချက်အားခန့်အပ်သူ နှင့် မြီရှင်များကော်မတီ သို့မဟုတ် ကော်မတီ မရှိပါက ယေဘူယျအားဖြင့် မြီရှင် များကိုလည်းကောင်း၊

(ခ) လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်၏ အနှောင်အဖွဲ့ ကင်းစွာဖြင့် လွတ်လပ်စွာ ဆောင်ရွက်မှု နှင့် ဘက်မလိုက်ရန် တာဝန် တို့နှင့် လဲလှယ်မည် မဟုတ် ၊

(ဂ) ခန့်အပ်မှု သည် ပစ္စည်းထိန်းအဖြစ် ခန့် အပ်ခြင်းဖြစ်ပါက လိုအပ်မည် မဟုတ် ၊

(ဃ) အပိုဒ် ၁၅(က) အရ မြီရှင်များကော်မတီ သို့မဟုတ် ယေဘုယျအားဖြင့် မြီရှင်များကို ထုတ်ဖော်ပြောကြားခြင်းဖြစ်ပါက ၎င်းအား ခန့်အပ်ပြီးချိန်တွင် ထုတ်ဖော်ပြောကြားရန် ဖြစ်ပါသည်။

**မှန် ကန် သော အချက် များကို တင်ပြခြင်းနှင့် မှားယွင်းယူဆချက်များကို ပြင်ဆင်ခြင်း။**

၁၇။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် အဓိက ကျသော သတင်းအချက်များကို ဖုံးကွယ်ထားခြင်း သို့မဟုတ် မှားယွင်းသည် ဟု သိရှိလျက် မြန်မာနိုင်ငံ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် များ အသင်း သို့ ဖြစ်စေ၊ ကောင်စီ သို့ဖြစ်စေ သို့မဟုတ် တရားရုံး သို့ ဖြစ်စေ လှည့်ဖြား၍ တင်ပြခြင်း မပြုရ။

၁၈။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် အချက် တစ်ချက် သို့မဟုတ် အချက် အချို့ ကို မှားယွင်း ယူဆ ခဲ့လျှင်ဖြစ်စေ သို့မဟုတ် ဆုံးဖြတ်ချက် တစ်ခုချမှတ်ခြင်း ၊ ဆုံးဖြတ်ချက်တစ်ခုကို အကောင်အထည် ဖော်ရာခြင်း သို့မဟုတ် ထွက်ဆိုချက်တစ်ခုကို ပြုလုပ်ခဲ့ခြင်းသည် မှားယွင်းသော အချက် သို့မဟုတ် မမှန်ကန်သော အချက် အပေါ်တွင် မူတည် ခဲ့ခြင်းဖြစ်လျှင် ထို အချက် များ မမှန်ကန်ကြောင်း သို့ မဟုတ် မှားယွင်းကြောင်း သိရှိလျှင်သိရှိခြင်း သက်ဆိုင်သူများ အား လက်တွေ့ အားဖြင့် ဖြစ်နိုင်သည့် အမြန်ဆုံးအချိန် အတွင်း အကြောင်းကြားရမည် ဖြစ်ပါသည်။

အချိန်နှင့် တပြေးညီ ဆောင်ရွက်ခြင်း

၁၉။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် လူမွဲခံခြင်းဆိုင်ရာ ဥပဒေ နှင့် စည်းမျဉ်းများ တွင် သတ်မှတ်ထားသည့် အချိန်ကာလသတ်မှတ်ချက် များ ကိုလိုက်နာပြီး ထို သတ်မှတ်ချိန်များ အတွင်း ၎င်း ဆောင်ရွက် ရမည့် တာဝန်များကို အချိန် နှင့်တပြေးညီ ဆောင်ရွက်ရပါမည်။

အခကြေးငွေ

၂၀။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် စနစ်ကျစွာ ဆောင်ရွက်ခဲ့သော လူမွဲခံခြင်းဆိုင်ရာ စီမံခန့်ခွဲခြင်း လုပ်ဆောင်ချက်များအတွက် သင့်လျော် သော အခကြေးငွေ နှင့်အတူ ၎င်းအဖြင့် ပေးချေခဲ့သော ကုန်ကျစရိတ်တို့နှင့်အတူ တောင်းခံ ပိုင်ခွင့် ရှိပါသည်။ ၎င်းသည်-

(က) လူမွဲခံခြင်းဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းများ နှင့်အညီ တောင်းခံပိုင်ခွင့် ရှိသော သတ်မှတ်ချက် ထက် ပို၍ တောင်းခံပိုင်ခွင့် မရှိစေရ၊

(ခ) စစ်ဆေးရန် တာဝန်ကို ပေးအပ်ခြင်းခံရသော လွတ်လပ်သော အဖွဲ့ အစည်းမှ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်၏ တောင်းခံမှုသည် သင့်လျော်ပြီး လူမွဲခံခြင်းဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းများ နှင့်အညီ တောင်းခံ ပိုင်ခွင့်ရှိသော သတ်မှတ်ချက်များထက် ပိုခြင်းမရှိ ကြောင်း ကျေနပ်မှုရှိစေရန် လုံလောက်သော ဝင်ငွေထွက်ငွေစာရင်းနှင့် မှတ်တမ်းများ ထားရှိခြင်း၊

၂၁။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် အခကြေးငွေ တောင်းခံမှု အတွက် ခွင့် ပြုချက် ကို ရရှိပြီးမှ သာလျှင် ထုတ်ယူခွင့်ရှိပြီး ထို သို့ထုတ် ယူရာတွင်လည်း ထို သဘောတူညီချက်တွင် ပါဝင်သည့် စည်းကမ်းများနှင့်အညီ ထုတ် ယူရန် ဖြစ်ပါသည်။

ပွင့်လင်းမြင်သာမှု ရှိခြင်း နှင့် သတင်းအချက်အလက်များကို စီမံခြင်း

၂၂။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် လူမွဲခံခြင်းလုပ်ငန်းစဉ် ၏ရလာဒ် ကို စိတ်ဝင်စား မှုရှိသူများထံ ပွင့်လင်းစွာနှင့် လျင်မြန်စွာ အစီရင်ခံရန်လိုသည်။ ထို အစီရင်ခံစာများသည် ပွင့်လင်း မြင်သာစွာ ဖြင့် လူမွဲခံခြင်းဆိုင်ရာကျွမ်းကျင်ပညာရှင်၏ လုပ်ဆောင်ချက်များနှင့် စီးပွားရေး အရ ဆက်သွယ် ဆောင်ရွက်မှုများနှင့် ပတ်သက်သည့် အချက်များကို အခြေအနေနှင့်အမှု ကိစ္စ အပေါ် လိုက်၍ တတ်နိုင်သ မျှ ထည့်သွင်း ဖော်ပြရမည်ဖြစ်သည်။

၂၃။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် သည် ၎င်း၏ မည်သို့ သော ပုံသဏ္ဍာန်ရှိသည့် စာပေးစာယူဆက်သွယ်မှုများကိုမဆို နို့တစ်စာဖြစ်စေ၊ အစီရင်ခံစာဖြစ်စေ၊ လက်ရှိအခြေအနေကို ထင်ဟပ်ရန် ပြင်ဆင်ခြင်းများကိုဖြစ်စေ၊ ညွှန်ကြားချက် များ သို့မဟုတ် ရှင်းလင်းချက်များ ဖြစ်စေ တို့ အား လက်ခံရရှိသူများ နားလည်နိုင်စေရန် ရိုးသား၊ ရိုးရှင်း၊ ရှင်းလင်း၊ တိကျ၊ စာသားကျစ်လစ်စွာ ဖြင့် ရေးသားရန် လိုပါသည်။

၂၄။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် မှ ချမှတ် သည့် ဆုံးဖြတ်ချက် တိုင်းနှင့် ပူးတွဲလျက် အောက်ဖော်ပြပါ မှတ်တမ်းမှတ်ရာများကို ပြုစုထားရန် သေချာစွာ ဆောင်ရွက်ရမည်-

(က) ဆုံးဖြတ်ချက် ကို ချမှတ် ရသည့် အကြောင်းအရင်း၊

(ခ) ထို ဆုံးဖြတ်ချက်နှင့် ဆက်စပ်သည့် သတင်းအချက်အလက်များ၊

ထို မှတ် တမ်းများသည် ကျိုးကြောင်းဆင်ခြင်နိုင်သူ တစ်ဦး အနေဖြင့် ထို ဆုံးဖြတ်ချက် သို့မဟုတ် ဆုံးဖြတ်ချက် များကို ချမှတ် ရန် သင့်လျော်ကြောင်းနှင့် အထ ဆုံးဖြတ်ချက် အရ

အရေးယူဆောင်ရွက်မှုသည် သင့်တော်ကြောင်း မြင်နိုင်စေရန် လုံလောက်သောမှတ်တမ်း အထောက်အ ထားများဖြစ်ရပါမည်။

၂၅။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် သို့မ ဟုတ် ယင်း၏ လုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် လူမွဲခံခြင်း ဆိုင်ရာ စီမံခန့်ခွဲမှု ၏ရလာဒ် ကို စိတ် ဝင်စားသူများမှ တိုင်တန်းချက် များနှင့် နစ်နာချက်များကို လက်ခံ၊ စုံစမ်းစစ်ဆေးခြင်းနှင့် တုန့် ပြန်ခြင်း တို့ကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော လုပ်ထုံးလုပ်နည်းများ ထားရှိရမည် ဖြစ်သည်။

၂၆။ တိုင်တန်းချက်နှင့် နစ်နာချက် တို့ ကို စုံစမ်း သည့် လုပ်ငန်းစဉ် ကို ကောင်စီမှ ဖြစ်စေ မြန်မာနိုင်ငံ လူမွဲခံခြင်းဆိုင်ရာကျွမ်းကျင်ပညာရှင် များ အသင်း၏ ဘုတ် အဖွဲ့ မှ ဖြစ်စေ သို့မဟုတ် ထို ကိစ္စ အလို့ငှာ တာဝန် ပေးခံရသူ သို့မဟုတ် ကော်မတီ မှဖြစ်စေ၊ ဆောင်ရွက်ပါက လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် ပူးပေါင်း ဆောင်ရွက်ရန် လိုပါသည်။

၂၇။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် ထို ရည်ရွယ်ချက် တို့အတွက် မြန်မာနိုင်ငံ လူမွဲခံခြင်းဆိုင်ရာကျွမ်းကျင်ပညာရှင် များ အသင်း၏ ဘုတ် အဖွဲ့ မှ ဖြစ်စေ သို့မဟုတ် ထို ကိစ္စ အလို့ငှာ တာဝန် ပေးခံရသူ သို့မဟုတ် ကော်မတီ မှဖြစ်စေ၊ စုံစမ်း၊စစ်ဆေး ပါက တက်ရောက်ခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်း နှင့် စုံစမ်း၊စစ်ဆေးမှု ခံယူရန် အဆင်သင့်ရှိရန် လိုပါသည်။

၂၈။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် မြန်မာနိုင်ငံ လူမွဲခံခြင်းဆိုင်ရာကျွမ်းကျင်ပညာရှင် များ အသင်း၏ ဘုတ် အဖွဲ့ မှ ဖြစ်စေ သို့မဟုတ် ထို ကိစ္စ အလို့ငှာ တာဝန် ပေးခံရသူ သို့မဟုတ် ကော်မတီ မှ ဖြစ်စေ လိုအပ်သဖြင့် တောင်းခံသည့် သတင်းအချက်အလက်နှင့် မှတ်တမ်းများကို ပေးအပ်ရန် တာဝန်ရှိသည်။

၂၉။ မြန်မာနိုင်ငံ လူမွဲခံခြင်းဆိုင်ရာကျွမ်းကျင်ပညာရှင် များ အသင်းမှ ဆောင်ရွက်သော မည်သည့် ကာလအလိုက် လေ့လာမှုများ၊ သုတေသနများ သို့မဟုတ် စာရင်းစစ်ခြင်း တို့ကို ပြုလုပ်ရာတွင် လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် ပါဝင်ဆောင်ရွက်ရန် အဆင်သင့်ရှိရန် လိုပြီး လိုအပ်သော သတင်းအချက်အလက်များကိုလည်း ပေးအပ်ရပါမည်။

သတင်းပေါက်ကြားမှု မရှိစေရန် ထိန်းသိမ်းခြင်း

၃၀။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် အသက်မွေးဝမ်းကျောင်း ခြင်းနှင့် လုပ်ငန်းအရ ဆက်ဆံမှု တို့မှ ဖြစ်စေ လူမွဲခံခြင်းဆိုင်ရာ လုပ်ငန်းစဉ်အရ ဖြစ်စေ သိရှိရသော သတင်းအချက်အလက်များ ပေါက်ကြားမှု မရှိစေရန် ထိန်းသိမ်းရမည် ဆိုသော အချက် ကိုလေးစားလိုက်နာရန် လိုသည်၊ ၎င်းသည်ထို သတင်းအချက် များကို ဥပဒေအရဖြစ်စေ သို့မဟုတ် ယင်း၏

အသက်မွေးကျောင်းမှု အရ ပေးရန် အခွင့်အရေးနှင့် တာဝန် ရှိခြင်းမှ အပ နည်းလမ်းမှန်ကန်၍ အထူးတလည်ဖြစ်သော အာဏာ မရှိလျှင် တတိယသူ တစ်ဦးအား ပေးအပ်ခြင်း မရှိစေရ။

၃၁။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် အသက်မွေးဝမ်းကျောင်း ခြင်းနှင့် လုပ်ငန်းအရ ဆက်ဆံမှု တို့မှ ဖြစ်စေ လူမွဲခံခြင်းဆိုင်ရာ လုပ်ငန်းစဉ်အရ ဖြစ်စေ သိရှိရသော သတင်း အချက်အလက်များ ကို ယင်း၏ ကိုယ်ပိုင် အကျိုးအတွက် အသုံးပြုခြင်း မရှိစေရပါ။

အသက်မွေးမှုလုပ်ငန်း၊ အလုပ်အကိုင် ရရှိနိုင်မှု နှင့် ကန့် သတ်ချက်များ

၃၂။ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် ယင်းအားခန့်ထားမှု အတွက် ဆောင်ရွက်ရမည့် တာဝန် များကို ဆောင်ရွက်နိုင်ရန် သင့်လျော် လုံလောက်သော အချိန် ပေးနိုင်ခြင်းမရှိပါက ခန့်အပ်မှု များစွာကို လက်ခံခြင်းမှ ရှောင်ကျဉ်ရပါမည်။

၃၃။ မြန်မာနိုင်ငံ လူမွဲခံခြင်းဆိုင်ရာကျွမ်းကျင်ပညာရှင် များ အသင်း၏ ဘုတ် အဖွဲ့ ၏ အမြင်အရ လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် တစ်ဦး၏ တာဝန်နှင့် ဝတ္တရားများနှင့် သင့်လျော်ခြင်းမရှိ ဟုယူဆသော လုပ်ငန်းများ ကိုဖြစ်စေ သို့မဟုတ် လူမွဲခံခြင်းဆိုင်ရာ လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူများ၏ အမည်နာမ ကို ဖြစ်စေ ထိခိုက်စေမည် ဆိုပါက လူမွဲခံခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်သည် ထို လုပ်ငန်းများကို လက်ခံဆောင်ရွက်ခြင်း သို့မဟုတ် ပါဝင်ခြင်းမပြုရ။

**********************************************************************